ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ၏ လက်ရှိတွေ့ဆုံဆွေးနွေးမှုနှင့် မြေပြင်တိုက်ပွဲများ ပြင်းထန်နေမှုအပေါ် သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ မတ်လ (၂၈)ရက်

၁။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီအဖွဲ့ဝင်များသည် အခြားသော ညီနောင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ မြန်မာပြည်အတွင်း နှစ်ပေါင်း ခြောက်ဆယ်ကျော်ပြည်တွင်းစစ် ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးတို့ကို အထူးရည်သန်ပြီး အစိုးရအဆက်ဆက်နှင့် စားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်း အဖြေရှာနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလာခဲ့သည်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့အကြား တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးနေမှုအထိတိုင်ပင် ဖြစ်သည်ကို အားလုံးသိရှိပြီး ဖြစ်ပါသည်။

၂။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်တိုင်း၌ တွေ့ဆုံအဖြေရှာမှု အရှိန်ရလာနေသည့်ကာလအတွင်း မမျှော်လင့်သော အခြားပြဿနာတစ်ခုခု ပေါ်ပေါက်လာပြီး တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းအား တစ်ဆို့စေခြင်း (သို့မဟုတ်) လမ်းကြောင်းပြောင်းသွားစေခြင်း ဖြစ်စေခဲ့သည့် အစဉ်အလာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို UNFC အနေနှင့် စိတ်မကောင်းဖွယ်ရာ တွေ့မြင်နေရပါသည်။

၃။ ယခုအခါတွင်လည်း NCCT နှင့် UPWC တို့အကြား တရားဝင်တွေ့ဆုံမှု (၆)လခန့် ရပ်တန့်သွားခဲ့ပြီးနောက် တရားဝင်ပြန်လည်တွေ့ဆုံ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှု အမြန်ဆုံး ရရှိရန်အတွက် ကြိုးပမ်းနေပြီး၊ ရှမ်းပြည် မြောက်ပိုင်းနှင့် ကချင်ပြည်တို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်တိုက်ပွဲများလည်း အရှိန်လျော့ချနိုင်ရေးအတွက် ညှိနှိုင်းနေစဉ်မှာပင် မြေပြင်သာမကဘဲ ဝေဟင်ပါ စစ်ဆင်ရေးအရှိန် တိုးမြှင့်ခြင်းတို့ ထပ်မံဖြစ်ပေါ်နေပြန်သဖြင့် UNFC အနေဖြင့် လက်ရှိတွေ့ဆုံဆွေးနွေးနေမှုသည် အချည်းနှီးဖြစ်ပြီး အချိန်ကုန်လူပန်းဖြစ်ကာ မြန်မာပြည်သူတစ်ရပ်လုံးနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတို့၏ ငြိမ်းချမ်းရေး မျှော်လင့်ချက်မှာ အလှမ်းကွာဝေးနေဦးမည်ကို အထူးစိတ်မကောင်းစွာ တွေ့မြင်နေရပါသည်။

၄။ သို့ဖြစ်ပါသောကြောင့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့မှ တိုင်းပြည်အပေါ် မေတ္တာ စေတနာ အမှန်ဖြင့် တိုင်းသူပြည်သားတို့၏အရေးကို ဦးထိပ်ပန်ဆင်ပြီး ရိုးသားဖြောင့်မတ်စွာ တိုင်းရင်းသား ပြည်သူအပေါင်းနှင့် လက်တွဲ၍ ပြဿနာအရပ်ရပ်ကို စိတ်ရှည်သည်းခံကာ စားပွဲဝိုင်း၌ တွေ့ဆုံဆွေးနွေးမှုကို အလေးအနက်ထား ဖော်ဆောင်ရန်နှင့် တစ်နိုင်ငံလုံးနေရာအနှံ့တွင် ဖြစ်ပေါ်နေသော လက်နက်ကိုင်တိုက်ပွဲများကို ချက်ခြင်း ရပ်တန့်ရန် လေးနက်စွာ တောင်းဆိုပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

ဆက်သွယ်ရန် - နိုင်ဟံသာ (UNFC ဒုတိယဥက္ကဋ္ဌ-၁) ( + 95 (0) 94 978 6117 ) (မြန်မာဘာသာ)
ခူဦးရယ် (UNFC အထွေထွေအတွင်းရေးမှူး) (+ 95 (0) 94 283 60212 ) (မြန်မာ - အင်္ဂလိပ်)
ဗိုလ်မှူးကြီး ခွန်ဥက္ကာ (UNFC တွဲဘက် အထွေထွေအတွင်းရေးမှူး-၁ (+ 95 (0) 92 592 58743) (မြန်မာ - အင်္ဂလိပ်)